# မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုအပြင် နွေဦးတော်လှန်ရေး၌ ကျူးလွန်လျက်ရှိသော ရက်စက်ကြမ်းကြုတ်မှုများနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဂျေ ဘလင်ကန်က အမေရိကန်နိုင်ငံ၊ Holocaust Memorial ပြတိုက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံ (၂၁ ရက်၊ မတ်လ၊ ၂၀၂၂ ခုနှစ်)




On March 21, 2022, the Secretary of State Antony Blinken visited the United States Holocaust Memorial Museum and formally recognized that the Burmese military committed genocide against the Rohingya people and the current brutal crackdown of the Spring Revolution in Burma.

## U.S. Holocaust Memorial ပြတိုက်ကောင်စီရဲ့ ဥက္ကဋ္ဌ သံအမတ်ကြီး Stu Eisenstat

ကျွန်တော် ဒီနေရာကနေ ဒုတိယဥက္ကဋ္ဌနဲ့ ဒါရိုက်တာတို့ ကိုယ်စား ဒီပြတိုက်ကြီးကနေ အားလုံးကို ကြိုဆိုလိုက်ပါတယ်။ ဒီကနေ့ရဲ့ အထူးညှော်သည်တော်အနေနဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဂျေ ဘလင်ကန်ကို ဂုဏ်ယူစွာ မိတ်ဆက်ပေးပါရစေ။

ဒီ Holocaust (ဒုတိယကမ္ဘာစစ်အတွင်း နာဇီတွေက ဂျူးလူမျိုးတွေကို လူမျိုးတုံးသတ်ဖြတ်မှု) ဟာ ဝန်ကြီးအတွက်တော့ ပုဂ္ဂိုလ်ရေးအရ အရမ်းကို အရေးပါပါတယ်။ သူ့ရဲ့ မွေးစားဖခင် Samuel Pisar ဟာ ထင်ရှားကျော်ကြားတဲ့ လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူတစ်ဦးဖြစ်ပြီး စာရေးဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ အစ်မ Leah Pisar ကတော့ အခု အောက်မေ့ဖွယ်ရာ ပြတိုက်ကြီးရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဝန်ကြီးဘလင်ကန်ဟာဆိုရင် အမေရိကန်လွှတ်တော်ထဲမှာ ဆယ်စုနှစ် (၃) ခု သမ္မတ သုံးဆက်လက်ထက်မှာ အရေးပါလှတဲ့ ရာထူးတွေကို ထမ်းဆောင်ခဲ့၊ ထမ်းဆောင်နေဆဲ ဖြစ်ပါတယ်။ ဘလင်ကန်ဟာ ယခင်က ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ်သော်လည်းကောင်း ယခုလက်ရှိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်အနေနဲ့ပါ တာဝန်ထမ်းဆောင်နေတဲ့ အမေရိကန် သမိုင်းမှာ တတိယမြောက်ပုဂ္ဂိုလ်ဖြစ်ပါတယ်။

သူဟာ နိုင်ငံတစ်နိုင်ငံ၊ စစ်တပ်တစ်ခုရဲ့ လုပ်ပိုင်ခွင့်၊ တောင့်တင်းခိုင်မာတဲ့ စီးပွားရေး တို့နဲ့အတူ ဒီမိုကရေစီ အနှစ်သာရကို စည်းရုံးလမ်းပြ ဦးဆောင်ပေးသူတစ်ဦးဖြစ်ပြီး မဟာမိတ် နိုင်ငံတွေနဲ့လည်း ခိုင်မာတဲ့ သံတမန်ရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဝန်ကြီးဟာ အမေရိကန်သမ္မတ ဘိုင်ဒန်ရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ လူ့အခွင့်အရေးကို ရှေ့တန်းတင်တဲ့ မူဝါဒလမ်းစဉ်တွေကို ဖော်ဆောင်ပေးနေတဲ့ ဗိသုကာတစ်ဦးဖြစ်ပါတယ်။ ဝန်ကြီးဟာ လုပ်ဖော် ကိုင်ဖက်တွေကသာမက အမေရိကန်လွှတ်တော်ကပါ အသိမှတ်ပြု လေးစားခံရသူတစ်ဦး ဖြစ်ပါတယ်။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Anthony blinken**

ကျေးဇူးအများကြီးတင်ပါတယ်။ အားလုံးပဲ မင်္ဂလာနံနက်ခင်းပါ။ Stu ... ဒီလို ကြင်နာတဲ့ စကားလုံးတွေအတွက် ကျေးဇူးတင်ပါတယ်၊ ဒီနိုင်ငံအတွက် သင့်ရဲ့ ဆယ်စုနှစ်များစွာ ထူးခြားတဲ့ လုပ်ဆောင်ပေးမှုအတွက်လည်း ကျေးဇူးတင်ပါတယ်။

ဒီနေရာဟာ ကျွန်ုပ်အတွက်တော့ မြင့်မြတ်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဒီတံခါးတွေကို ဖြတ်လျှောက်တိုင်း၊ တူညီတဲ့ခံစားချက်ကိုရပါတယ်။ ဒါကြောင့် Sara နဲ့ ဒီအဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုကိုရော ကျေးဇူးတင်ပါတယ်။ ယနေ့ပြောမဲ့ ရိုဟင်ဂျာတွေရဲ့ အတိဒုက္ခ ဇာတ်လမ်း၊ ထူးခြားတဲ့ ပြခန်းကို ခင်းကျင်းပြသပေးတဲ့ Naomi ကို ကျေးဇူးတင်ပါတယ်။ အားလုံးကို လာကြည့်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဒါကို တွေ့ကြုံခံစားပါ။ ၎င်းဟာ သင့်ကို မယုံနိုင်လောက်အောင် အစွမ်းထက်မြက်စွာ ပြောပြလိမ့်မည်ဖြစ်ပါတယ်။

ဒီအရေးပါလှတဲ့ အဖွဲ့အစည်းကြီးရဲ့ နောက်ကွယ်မှာရှိနေတဲ့၊ သမိုင်းရဲ့ အမှောင်မိုက်ဆုံး အပိုင်းတွေကို လေ့လာခွင့်ရအောင် သည်းခံအားထုတ်ပေးခဲ့တဲ့အဖွဲ့ တစ်ခုလုံးကိုလည်း ကျေးဇူး တင်ပါတယ်။ သင်တို့ရဲ့ သည်းခံအားထုတ်မှုတို့ဟာ အတိတ်ဆိုတာ စကားသက်သက်သာ

မဖြစ်ရအောင် ကြိုးစားလုပ်ဆောင်နေတဲ့ ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။ ဒီပြတိုက်ကို သက်ရှိအမှတ်တရတစ်ခုဖြစ်စေဖို့ သင်တို့ရဲ့ ကြိုးစားအားထုတ်မှုပဲ ဖြစ်တယ်။ အဲဒါက ဒီအဖွဲ့အစည်းရဲ့ မယုံနိုင်လောက်အောင် ခံနိုင်ရည်ရှိတဲ့ စွမ်းအားပါ။

United States Holocaust Memorial Museum ရဲ့အမှန်တရားတွေထဲက တစ်ခုကတော့ ကျွန်တော်ဒီကို လာရောက်လည်ပတ်တိုင်း ဒီပြတိုက်ကပေးတဲ့ သင်ခန်းစာတွေဟာ ကျွန်တော့် ရင်ထဲမှာ လေးနက်စွာ ပဲ့တင်ထပ် မကျန်ရစ် မခံစားရတဲ့ အချိန် တစ်ခါမျှ မရှိဖူးခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောချင်တာကတော့ ဒီသမိုင်းက အလွန်အရေးတကြီး ခံစားနေရချိန် ဒါမှမဟုတ် သမိုင်းက ကျွန်တော်တို့အားလုံးအပေါ်ကို အရမ်းအရေးကြီးတဲ့ တာဝန်တွေ ပေးအပ်တဲ့အချိန်တွေကို ကျွန်တော် အမှတ်ရနေပါတယ်။

ကျွန်တော်ခုလိုတွေ့ဆုံတုန်းပြောလိုတာက ခုချိန်မှာ ရုရှားအစိုးရက ယူကရိန်းအပေါ် အကြောင်းအရင်းမရှိဘဲ ရက်စက်ကြမ်းကြုတ်တဲ့ စစ်ပွဲကို စတင်နေပါတယ်။ နေ့စဉ်နဲ့အမျှ ပိုမိုပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ၊ အပြစ်မဲ့ အမျိုးသား၊ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေ သေဆုံးမှု ပိုများလာပါတယ်။

အဲဒီထဲမှာ မတ် (၁) ရက်နေ့ က ဖြစ်ပွားခဲ့တဲ့ တီဗီမျှော်စင်တစ်ခုပေါ်မှာ ဆန္ဒပြသူ (၅) ဦး အသတ်ခံရမှုနဲ့ ကီယက်ဗ်မြို့ပြင်ရှိ အနီးတစ်ဝိုက်နေရာဟာဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း (၈၀) ကျော်က ဂျူးလူမျိုး (၃၃,၇၇၁) ဦးကို (၂) ရက်အတွင်း နာဇီတို့ရဲ့ သတ်ဖြတ်ခဲ့တဲ့ နေရာပဲ ဖြစ်တယ်။ (Babyn Yar)

ယူကရိန်းနိုင်ငံဟာ Odessa က အသက် 88 နှစ်အရွယ် အမျိုးသမီး Natalia Berezhnaya အပါအဝင် လူအစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်းခံရခြင်း (Holocaust) မှ လွတ်မြောက် အသက်ရှင်ကျန်ရစ်နေသူ (၁၀,၀၀၀) နီးပါး နေထိုင်ရာနေရာတစ်ခု ဖြစ်ပါတယ်။ မကြာသေးမီ အင်တာဗျူးတစ်ခုမှာ သူမက “၁၉၄၁ ခုနှစ်မှာ ဤအဆောက်အအုံရဲ့ မြေအောက်ခန်းမှာ ပုန်းအောင်းနေခဲ့ရတယ်။ အခုလည်း နောက်တစ်ကြိမ် ထပ်လုပ်ရဦးမယ်" လို့ ပြောကြားခဲ့တယ်။

Kremlin ဟာ လူမျိုးတုံး သတ်ဖြတ်မှု ရပ်တန့်ရန် ကြားဝင်စွက်ဖက်ခြင်း ဖြစ်တယ်လို့ လွဲမှားစွာ ကြွေးကြော်ကာ Genocide ဆိုတဲ့ ပြင်းထန်လှတဲ့ စစ်ရာဇဝတ်မှုတွေမှာသာ ကျွန်တော်တို့ သုံးနှုန်းတဲ့ စကားလုံးကို အလွဲသုံးစားပြုကာ ဤစစ်ပွဲကို တရားတဲ့စစ် ဖြစ်အောင် ကြိုးပမ်းခဲ့တယ်။ ဒီမတရားတဲ့စစ်ပွဲကို အဆုံးသတ်ဖို့ ကရင်မလင်ကို နိုင်ငံတကာ ဖိအားတွေ

တိုးမြှင့်လုပ်ဆောင်နေချိန်မှာ တစ်ပြိုင်နက် ကမ္ဘာပေါ်မှာ ကြောက်မက်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်နေတဲ့ အခြားနေရာများစွာ ရှိတာကို ကျွန်တော်တို့ သိရှိပါတယ်။ မကြာသေးမီ ရက်သတ္တပတ်တွေအတွင်း ယူကရိန်းအကြောင်း ကမ္ဘာတဝှမ်းက သံတမန်တွေနဲ့ စကားပြောဆိုတဲ့အခါမှာ အမြဲတစေ ငြင်းဆိုသံကိုလည်း ကြားခဲ့ရပါတယ်။ သူတို့ထဲက တော်တော်များများက "ဟုတ်တယ်၊ ငါတို့က ယူကရိန်းပြည်သူတွေနဲ့ ရပ်တည်တယ်။ ဒါပေမယ့် တခြားနေရာတွေမှာ ရက်စက်ကြမ်းကြုတ်မှုတွေ ခံစားနေရတဲ့ ပြည်သူတွေနဲ့ လည်း ရပ်တည်ရမယ်" ဆိုပြီး ပြောကြားခဲ့ပါတယ်။

Xinjiang (ရှင်ကျန်း) လိုပဲ တရုတ်အစိုးရဟာ မွတ်စလင် Uyghurs နဲ့ အခြား လူနည်းစုအုပ်စုတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဆက်လက်ကျူးလွန်နေတာဖြစ်တယ်။ အီသီယိုးပီးယားရှိ ပဋိပက္ခတွင်းမှာ Eritrean အင်အားစုတွေ ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေလိုပဲ ဖြစ်တယ်။ ထိုနည်းတူ ဆူဒန်နိုင်ငံ၊ ဒါဖာမှာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဟာ အတိတ်က Bashir ရဲ့ အစိုးရတပ်ဖွဲ့တွေနဲ့ Janjaweed တို့ရဲ့ တစ်ချိန်က လူမျိုးတုံးသတ်ဖြတ်မှုကို ပွဲတင်ထပ်၊ ထင်ဟပ်စေပါတယ်။ ဒီရက်စက်ကြမ်းကြုတ်မှုတွေရဲ့ ခါးစည်းခံနေရသူတွေနဲ့ ရပ်တည်ပေးဖို့အတွက် ကျွန်တော် ဒီနေ့ ဒီကို ရောက်လာတာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုကိုယ်စား အတွင်းရေးမှူးချုပ်အဖြစ် ကျွန်တော့ရဲ့ တာဝန်တစ်ခုမှာ ရက်စက်ယုတ်မာမှုတွေ ကျူးလွန်ခြင်း ရှိမရှိ ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော့်မိသားစုရဲ့ ရာဇဝင်အရ ဒါဟာ ကျွန်တော် အလေးအနက်ကို ထားရမယ့် တာဝန်ကြီးတစ်ခုပါ။

Holocaust အလွန် ကမ္ဘာပေါ်မှာ လူမျိုးတုံးသတ်ဖြတ်မှု ခုနစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း အမေရိကန်က ကောက်ချက်ချနိုင်ခဲ့ပါတယ်။ ဒီနေ့ (၈) ခု မြောက်အနေနဲ့ မှတ်ချက်ချနိုင်တာကတော့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ရက်စက်စွာ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဗမာစစ်တပ်က ကျူးလွန်ခဲ့တယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

ဒီဆုံးဖြတ်ချက်ဟာ လွတ်လပ်ပြီး ဘက်မလိုက်တဲ့ သတင်းရင်းမြစ်တွေရဲ့ သတင်းပေးပို့ချက်တွေ စာတမ်းတွေကို အသေးစိတ်လေ့လာပြီး အချက်အလက်ဆိုင်ရာ အကဲဖြတ်ချက်နဲ့

ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာမှုတွေကို ပြန်လည်သုံးသပ် အခြေခံပြီးသော်လည်းကောင်း၊ Amnesty International နဲ့ Human Rights Watch တို့လို လူ့အခွင့်အရေး စောင့်ကြည့်လေ့လာတဲ့ အဖွဲ့အစည်းတွေက သတင်းအချက်အလက်တွေကို အခြေခံပြီးသော်လည်းကောင်း ရရှိခဲ့တာ ဖြစ်တယ်။

ထိုရင်းမြစ်တွေထဲမှာ Simon-Skjodt Center for the Prevention of Genocide နဲ့ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာအဖွဲ့ Fortify Rights တို့က ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှာ ထုတ်ဝေခဲ့တဲ့ ပူးတွဲအစီရင်ခံစာတစ်ခုလည်း ပါဝင်ခဲ့ပါတယ်။ မြန်မာစစ်တပ်ဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေနဲ့ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်း ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရှိကြောင်း ပြတိုက်ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒီဆုံးဖြတ်ချက်ရဲ့ ကောက်ချက်အရ ဒီအုပ်ချုပ်ရေးအနေနဲ့ အချက်အလက်တွေနဲ့ ဥပဒေအပေါ် ကိုယ်ပိုင် ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရန်လည်း အရေးကြီးပါတယ်။ (မကြားနိုင်တဲ့) သာဓကတွေအရ မြန်မာ စစ်တပ်ဟာ ရိုဟင်ဂျာတွေကို ပစ်မှတ်ထားပြီး အလားတူ နည်းဗျူဟာတွေဖြစ်တဲ့ ရွာတွေကို ဖြိုခွင်းခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနဲ့ အခြား ကြောက်မက်ဖွယ်ရာ စော်ကားမှုတွေကို ကျူးလွန်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ စစ်တပ်ရဲ့ တိုက်ခိုက်မှုတွေကြောင့် ရိုဟင်ဂျာ တစ်သိန်းနီးပါး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရတယ်။ ၂၀၁၇ ခုနှစ်မှာ တိုက်ခိုက်မှုတွေကြောင့် ရိုဟင်ဂျာ (၉,၀၀၀) ကျော် သေဆုံးခဲ့ပြီး (၇၄၀,၀၀၀) ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်အဖြစ် ခိုလှုံရန် တောင်းခံခဲ့ရတယ်။

ဒီအစီရင်ခံစာရဲ့ တွေ့ရှိချက်တချို့ကို မျှဝေပါရစေ၊ ဘာကြောင့်လည်းဆိုတော့ အဲဒါတွေက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ရောက်ရှိလာပုံရဲ့ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လို့ပါပဲ။

၂၀၁၆ ခုနှစ် သို့မဟုတ် ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်မှုတွေကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ နေထိုင်နေရတဲ့ ရိုဟင်ဂျာဒုက္ခသည် (၁,၀၀၀) ကျော်ကို စစ်တမ်းကောက်ယူမှုအပေါ် အခြေခံထားတာဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းခံရသူ လေးပုံသုံးပုံက စစ်သားတွေက တစ်စုံတစ်ဦးကို သတ်ပစ်တာကို ကိုယ်တိုင်မျက်မြင်တွေ့ခဲ့ရတယ်လို့ ဆိုပါ

တယ်။ ထက်ဝက်ကျော်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို မြင်တွေ့ခဲ့ရတယ်။ လူငါးဦး မှာ တစ်ဦးဟာ အစုလိုက်အပြုံလိုက် အသေအပျောက် ဖြစ်ရပ်တစ်ခုကို မျက်မြင်တွေ့ခဲ့ရတယ် - ဆိုလိုတာက အဖြစ်အပျက်တစ်ခုမှာ လူပေါင်း (၁၀၀) ကျော် သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်း ဖြစ်တယ်။

ဒီရာခိုင်နှုန်းတွေက အရေးကြီးပါတယ်။ ဒီနိုင်ထက်စီးနင်းမှုတွေဟာ သီးခြားကိစ္စတွေ မဟုတ်ကြောင်း ဖော်ပြနေကြတယ်။ ရိုဟင်ဂျာတွေအပေါ် တိုက်ခိုက်မှုတွေဟာ ကျယ်ကျယ် ပြန့်ပြန့်နဲ့ စနစ်တကျဖြစ်ပြီး ယင်းဟာ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအဖြစ် အဆုံးအဖြတ်ပေးဖို့အတွက် အရေးကြီးပါတယ်။

၎င်းအထောက်အထားတွေဟာ ထိုအစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ နောက်ကွယ်မှ ပြတ်သားတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့- ရိုဟင်ဂျာတွေကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ကိုလည်း ထောက်ပြနေတယ်။ ထိုရည်ရွယ်ချက် ကို စစ်ဆင်ရေးမှာပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ ဘက်ပြောင်းသွားတဲ့ စစ်သည်တွေရဲ့ မှတ်တမ်းတွေ အရ အတည်ပြုခဲ့ပြီး ၎င်းကို ၎င်းရဲ့ တပ်မှူးက "လူတိုင်းကို ပစ်သတ်၊ ရွာတွေကို မီးရှို့၊ မုဒိမ်း ကျင့်၊ သတ်ဖြတ်ရန် အမိန့်ပေးခဲ့ပြီး ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

ရိုဟင်ဂျာတွေကို တိုက်ခိုက်တာ၊ ဗလီတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးတိုက်ခိုက် တာ၊ ကိုရမ်ကျမ်းတွေကို ရှုတ်ချတဲ့အနေနဲ့ မြန်မာစစ်တပ်က ကြွေးကြော်နေတဲ့ လူမျိုးရေး ဆဲဆိုမှုတွေမှာ ရည်ရွယ်ချက်က ထင်ရှားပါတယ်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ ရခိုင်ပြည်နယ်မှာ တပ်စွဲခဲ့တဲ့ တပ်မဟာ ၃၃ မှ ဒုဗိုလ်တစ်ဦးလို သူရဲ့ Facebook လူမှုမီဒီယာမှာ ၎င်းတို့ရဲ့ အစီအစဉ်တွေကို ကြွားလုံးထုတ်ပြီး "တကယ်လို့ ဘင်္ဂါလီမှန်ရင် သတ်ပစ်မယ်" လို့ ရေးသားခဲ့ပြီး ၎င်းတို့ရဲ့ ရည်ရွယ်ချက်တွေကို ထင်ရှားပေါ်လွင် စေခဲ့ပါတယ်။ ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်ခဲ့တယ်လို့ သတင်းရရှိသူတွေထဲမှာ သူ့ရဲ့ တပ်ဖွဲ့က ပါဝင်ပါတယ်။

စစ်ဆင်ရေးကို ကြီးကြပ်ကွပ်ကဲနေတဲ့ မြန်မာစစ်တပ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ရဲ့ သဘောထားမှာ ထင်ရှားလှတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှာ စစ်သားတွေက ရွာတွေကို ဖျက်ဆီးကာ အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးတွေကို သတ်ဖြတ် ညှင်းပန်း နှိပ်စက်၊ မုဒိမ်းကျင့်နေကြစဉ် ၎င်းက "ဘင်္ဂါလီ ပြဿနာဟာ မပြီးဆုံးသေး

တဲ့ အလုပ်တစ်ခု ဖြစ်လာနေတာ ကြာပါပြီ။ ဒါကို အစိုးရရုံးက အရမ်းဂရုစိုက်ဖြေရှင်းနေပါတယ်” လို့ ဖုံးကွယ်ပြောဆိုခဲ့တယ်။

၎င်းဟာ ၂၀၂၁ ခုနှစ်မှာ မြန်မာ့ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရကို ဖြုတ်ချတဲ့ အာဏာသိမ်းစစ်တပ်ကို ဦးဆောင်သူဖြစ်ပြီး လက်ရှိ ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရကို ဦးဆောင်နေသူလည်း ဖြစ်ပါတယ်။

ဒီရက်စက်ကြမ်းကြုတ်မှုတွေအထိ ဖြစ်ပေါ်လာစေဖို့အတွက် စစ်သားတွေဟာ ကြိုတင်ပြင်ဆင်မှု အဆင့်ဆင့်ကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ဥပမာ မောင်နုရွာမှာ စစ်သားတွေက ရိုဟင်ဂျာ မီးဖိုချောင်သုံး ဓားနဲ့ ဓားရှည်တွေကို သိမ်းတယ်။ ထို့နောက် ညမထွက်ရအမိန့် ချမှတ်ခဲ့တယ်။ အဲဒီနောက် ရိုဟင်ဂျာတွေရဲ့ အိမ်အပြင်ဘက်မှာ၊ အထည်အနီ အပိုင်းအစတွေကို ဒေသခံ ဗလီတွေမှာ ချည်နှောင်ခဲ့ပါတယ်။ အဲ့ဒါပြီးနောက်... အဲ့ဒါတွေပြီးမှသာလျှင် သတ်ဖြတ်ခြင်းကို စတင်ခဲ့တာဖြစ်တယ်။

စစ်သားတွေဟာ သူတို့ရဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေ မစတင်မီ ရိုဟင်ဂျာတွေ ထွက်ပြေးလွတ်မြောက်အောင် ကြိုးပမ်းလို့မရအောင် ရွာတွေရဲ့ ထွက်ပေါက်တွေကို ပိတ်ဆို့ခြင်း၊ ရိုဟင်ဂျာတွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးပမ်းစဉ် အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ်တွေ ပြည့်နှက်နေတဲ့ လှေတွေကိုနစ်မြုပ်စေခြင်းစသဖြင့် ရည်ရွယ်ချက်ရှိစွာ လုပ်ဆောင်ခဲ့တာ ထင်ရှားပါတယ်။ ဒါဟာ တပ်မတော်ရဲ့ ရိုဟင်ဂျာတွေရဲ့ ရွာကို ဖျက်ဆီးခြင်းသာမက လူမျိုးတုံးသတ်ဖြတ်ခြင်းကို လုပ်ဆောင်ချင်ခဲ့တဲ့ ရည်ရွယ်ချက်ကို ပြသနေခြင်း ဖြစ်တယ်။

ရာခိုင်နှုန်းတွေ၊ နံပါတ်တွေ၊ ပုံစံတွေ၊ ရည်ရွယ်ချက်တွေ ... ဒါတွေဟာ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ အဆုံးအဖြတ်ကို ရောက်ရှိဖို့အတွက် အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ဒီကိန်းဂဏန်းတစ်ခုစီရဲ့ နောက်ကွယ်မှာ မရေမတွက်နိုင်တဲ့ လူတစ်ဦးချင်းစီရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ လူမဆန်တဲ့ လုပ်ရပ်တွေရှိကြောင်းကို ကျွန်ုပ်တို့ သတိရနေရမှာဖြစ်ပါတယ်။

လေးယောက်မိခင် နူရာက စစ်သားတွေကို သားသမီးတွေရှေ့မှာ မုဒိမ်း မကျင့်ဖို့ တောင်းဆိုခဲ့ပေမယ့် “သူတို့က ငါ့ခန္ဓာကိုယ်ကို သူတို့လုပ်ချင်သလို လုပ်ခဲ့တယ်” လို့ ပြောပါတယ်။

Harsa ရဲ့ (၁၂) နှစ်အရွယ် သားလေးကို သူမရဲ့ လက်နှစ်ဖက်မှ ဆွဲထုတ်သွားကာ စစ်သားတွေက သူ့ရဲ့ ခေါင်းနဲ့ လည်ပင်းကို သူမရှေ့မှာတင် မှောက်လျက် အိပ်ခိုင်းပြီးနင်းချေခဲ့ကြတယ်။

ဒီအမှုတွေကို ဖတ်ရတာနဲ့တောင် နာကျင်ကြေကွဲစရာ ကောင်းလှပါတယ်။ ကျွန်တော် မေးပါရစေ၊ ဒီမှာနားထောင်နေတဲ့သူ တစ်ယောက်တိုင်းကို မင်းတို့ငါတို့သာ သူတို့နေရာမှာဆို ဘယ်လိုနေမလဲ။ ဒါက မင်းရဲ့ ရင်သွေးလေးလို့ မြင်ယောင်ကြည့်ပါ။ စိတ်ကူးကြည့်ပါ။ ဒီဇာတ်လမ်းတွေဟာ အလွန်ဆိုးရွားပြင်းထန်စွာ နိုင်ထက်စီးနင်းပြုမှုတစ်ခုတိုင်းစီကြောင့် ဖြစ်ပေါ်လာတဲ့ တိုင်းတာမရနိုင်တဲ့ နာကျင်မှုတွေကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့အတွက် တွန်းအားတွေပေးနေသလိုပါပဲ။

အဲ့ဒီနာကျင်မှုဟာ ခံရသူ၊ အသက်ရှင်ကျန်ရစ်သူ သာမက သူတို့ရဲ့ သူငယ်ချင်း၊ ချစ်ရတဲ့သူတွေအပါအဝင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း တစ်ခုလုံးကိုပါ ပဲ့တင်ထပ်ခြောက်ခြား စေပါတယ်။ Holocaust မှာ ရှင်ကျန်ရစ်ခဲ့သူတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ရဲ့ မွေးစားအဖေ Samuel Pisar ဟာ သူ့အမေ၊ သူ့အဖေ၊ သူ့ညီမတွေကို Holocaust မှာ ဆုံးရှုံးခဲ့ရတဲ့နာကျင်မှု ကြောက်မက်ဖွယ် ရက်စက်မှုတွေကို သူ့သက်တမ်းတစ်လျှောက်လုံး စိုးနင့်စွာ ထမ်းပိုးခဲ့ရတာတွေကို ကျွန်တော်ကိုယ်တိုင် တွေ့မြင်ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်တော်တို့ဟာ ဒီပုဂ္ဂိုလ်တွေကို ခံရသူ သားကောင်တွေအနေနဲ့သာမက လူသားတစ်ရပ်လုံးအနေနဲ့သော်လည်းကောင်း၊ အမေတွေ၊ အဖေတွေ၊ သားတွေ၊ သမီးတွေ အဖြစ်သော်လည်းကောင်း မြင်ကြည့်နေရမှာဖြစ်တယ်။

Jomila နဲ့ သူမရဲ့ (၁၅) နှစ်အရွယ်သား Jahingir လို လူတွေ၊ သူတို့ရဲ့ဇာတ်လမ်းတွေဟာ မကြာသေးမီက ကျွန်တော်မြင်ခဲ့ရတဲ့ ဒီပြပွဲရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ခဲ့တာ တွေ့ရတယ်။ Jahingir ဟာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ စစ်သားတွေရဲ့ ကွပ်မျက်ခြင်းခံခဲ့ရတဲ့ ရိုဟင်ဂျာ ဒါဇင်ပေါင်းများစွာထဲက တစ်ဦးဖြစ်တယ်။ သူ့မှာတောက်ပပြီး စူးစမ်းလိုတဲ့ မျက်လုံး တွေရှိပြီး လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကို အမြဲကိုင်ဆောင်ထားလေ့ရှိတဲ့ ကျောင်းသားလေးတစ်ဦး ဖြစ်ခဲ့တယ်။

သူ့ရွာကို စစ်သားတွေ ရောက်တဲ့အခါမှာတော့ စစ်သားတွေက သူ့စာအုပ်ကို ခိုးမှာ ကြောက်လို့ သူ့စာအုပ်တွေကို သူဝှက်ထားခဲ့လိုက်တယ်။ သူအသတ်ခံရပြီးတဲ့နောက် သူ့အမေက သူ့ရဲ့ အဲဒီစာအုပ်တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထွက်ပြေးတဲ့အချိန်မှာ သူနဲ့တောက်လျှောက်

သယ်ဆောင်သွားခဲ့တယ်။ သူမဟာ ယနေ့တိုင် ၎င်းစာအုပ်တို့ကို သူနဲ့အတူ သယ်ဆောင်နေဆဲ ဖြစ်တယ်။ Jomila ဟာ ကလေးတစ်ယောက် ဆုံးရှုံးခဲ့တဲ့ ရိုဟင်ဂျာမိခင်တစ်ဦး ဖြစ်တယ်။ ထောင်ပေါင်းများစွာထဲက တစ်ယောက်ပေါ့။

Burma's Path to Genocide ခေါင်းစဉ်နဲ့ Holocaust ပြတိုက်ရဲ့ အင်အားကြီးတဲ့ ပြခန်းမှာ နောက်ထပ် အခြေခံသင်ခန်းစာရစရာ တစ်ခု ရှိသေးတယ်။ အဲဒါက လူမျိုးတုံး သတ်ဖြတ်မှုရဲ့ အခြေခံအုတ်မြစ်ပါပဲ။ အဲ့ဒီအုတ်မြစ်ဟာ တဖြေးဖြေး ပြောင်းလဲဖြစ်ပေါ်လာတဲ့ လူတွေရဲ့ လူသားမဆန်မှုတွေ၊ မကောင်းဆိုးဝါးဆန်လာမှုတွေပေါ် အခြေခံပြီး နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်တွေများစွာ ပေါက်ဖွားလာခဲ့တာဖြစ်တယ်။

ဥပမာ၊ မနက်ဖြန် မတ်လ ၂၂ ရက်နေ့ဟာ နာဇီတွေ မြူးနစ်မှ ၁၀ မိုင်အကွာ၊ ဒါချားမှာ ၎င်းတို့ရဲ့ ပထမဆုံး ချွေးတပ်စခန်းကို ဖွင့်လှစ်ခဲ့တဲ့နေ့ ဖြစ်တယ်။ Majdanek နဲ့ Auschwitz မှာ နေထိုင်ပြီးတဲ့နောက် ကျွန်တော့်ရဲ့မွေးစားအဖေကို ထိုစခန်းကို မပို့မီ ၁၂ နှစ်အလို – ၁၉၃၃ ခုနှစ်မှာ ဖြစ်ခဲ့တာဖြစ်တယ်။

ကျွန်တော်သွားကြည့်ခဲ့တဲ့ ပြတိုက်ရဲ့ ပန်းချီပြပွဲက မြန်မာနိုင်ငံမှာ ရှည်လျားလှတဲ့ လူမျိုးတုံး သတ်ဖြတ်မှု လမ်းကြောင်းကို ပြသထားသလို မြန်မာ့လူ့ဘောင်မှာ မျိုးဆက်ပေါင်းများစွာ ပါဝင်ခဲ့တဲ့ ရိုဟင်ဂျာတွေဟာ သူတို့ရဲ့ နိုင်ငံသားဖြစ်ခွင့်ကို နည်းလမ်းတကျ ဖယ်ထုတ်ခံနေရတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

၁၉၆၂ ခုနှစ်မှာ စစ်တပ်က ပထမဆုံး အာဏာသိမ်းတဲ့အခါ အစိုးရပိုင် ရုပ်သံလွှင့်ဌာနမှာ ရိုဟင်ဂျာဘာသာစကားနဲ့ အစီအစဉ်အားလုံးကို ပယ်ဖျက်ခဲ့တယ်။ ၁၉၇၈ ခုနှစ်မှာ မြန်မာ စစ်တပ်က ရိုဟင်ဂျာတွေကို အကြမ်းဖက်ရန် အကြောင်းပြကာ နိုင်ငံလုံးဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုနဲ့ ရိုဟင်ဂျာ (၂၀၀,၀၀၀) ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေခဲ့တယ်။

၁၉၉၁ ခုနှစ်မှာ စစ်တပ်က "သန့်ရှင်းပြီး လှပတဲ့နိုင်ငံ" ဆိုတဲ့ အမည်ခံယူကာ ရိုဟင်ဂျာ အသိုက်အဝန်းတွေကို စစ်သားတွေက သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အကြီးအကျယ် ဖျက်ဆီးခြင်းတို့ကို ပြုလုပ်တဲ့အခါမှာ ရိုဟင်ဂျာ (၂၅၀,၀၀၀) ကို ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးစေ ခဲ့ပါတယ်။

ထိုနည်းလမ်းဟာ Holocaust နဲ့ အခြား လူမျိုးတုံးသတ်ဖြတ်မှုတို့နည်းတူ ထင်ဟပ်နေ စေပါတယ်။

ရခိုင်ပြည်နယ်ရှိ ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် စခန်းတွေမှာ ရိုဟင်ဂျာ အိမ်ထောင်စု အားလုံး အစိုးရထံ စာရင်းသွင်းရန် ညွှန်ကြားခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်ခွင့်ဥပဒေမှာ ရိုဟင်ဂျာတွေကို နိုင်ငံသားအဖြစ်မှ ထိရောက်စွာ ဖယ်ထုတ်ပြီး ၎င်းတို့ကို နိုင်ငံရေးအခွင့်အရေး အပြည့်အဝ ငြင်းပယ်တဲ့ လုပ်ရပ်ဟာ 1935 Nuremberg Laws မှာ ဂျူးလူမျိုးတွေ ဂျာမန်နိုင်ငံသားဖြစ်ခွင့်ကို ဖယ်ထုတ်တဲ့ ဥပဒေကို ပုံတင်ထပ်၊ ထင်ဟပ်နေခြင်းပင်ဖြစ်တာကိုလည်း ကျွန်တော်တို့တွေ့မြင်ရပါတယ်။

လူမဆန်တဲ့ အမုန်းစကားတွေ ယှဉ်တွဲမြင်နေရပါတယ်။  ရိုဟင်ဂျာတွေကို သန်းကောင် ကပ်ပါးကောင်တွေ၊  ဆူးတွေ၊ ကျူးကျော်မျိုးစိတ်တွေနဲ့ နှိုင်းယှဉ်ခိုင်းနှိုင်းခဲ့တာဟာ Tutsis လူမျိုးတွေကို ပိုးဟပ်တွေနှိုင်းယှဉ်ခဲ့သလို ဂျူးလူမျိုးတွေကို ကြွက်တွေနဲ့ ကပ်ပါးကောင်တွေနဲ့ ခိုင်းနှိုင်းခဲ့ပုံနဲ့ ဆင်တူလှတယ်။

ဒီလမ်းကြောင်းတွေရဲ့ တူညီမှုတွေကို နားလည်ခြင်းဟာ Holocaust ပြတိုက် မစ်ရှင်ရဲ့ အဓိကအစိတ်အပိုင်းဖြစ်ပါတယ်။ “ဘယ်တော့မှ နောက်တဖန်မရှိစေရ” ဆိုတဲ့ အမြင့်ဆုံးထိ သန္နိဋ္ဌာန်ချထားတဲ့ ကျွန်တော်တို့အားလုံးအတွက် အရေးကြီးပါတယ်။ အဆိုးဆုံး ရက်စက် ကြမ်းကြုတ်မှုတွေရဲ့ လက္ခဏာတွေကို သိရှိရန် သင်ယူလေ့လာခြင်းဖြင့် ၎င်းတို့ကို တားဆီးရန် အခွင့်အာဏာရှိလာမှာဖြစ်ပါတယ်။

ယနေ့ခေတ် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု ဆိုင်ရာ ဆုံးဖြတ်ချက်ဟာ ရိုဟင်ဂျာတွေအပေါ် အာရုံစိုက်နေပေမဲ့ မြန်မာစစ်တပ်ဟာ ဆယ်စုနှစ်များစွာကြာ သတ်ဖြတ်ခြင်း၊ မုဒိမ်းမှုနဲ့ အခြား လူမျိုးစုတွေနဲ့ ဘာသာရေး လူနည်းစု ဝင်တွေအပေါ် အခြားရက်စက်ကြမ်းကြုတ်မှုတွေကို ကျူးလွန်ခဲ့ကြောင်း အသိအမှတ်ပြုရန် အရေးကြီးပါတယ်။ ဒီအလွဲသုံးစားမှုတွေရဲ့ အစီရင်ခံစာတွေဟာ ကျယ်ပြန့်တယ်။ ၎င်းတို့ကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်နယ်တွေမှာ ဖြစ်ပွားခဲ့တဲ့ ထိုသမိုင်းကြောင်းနဲ့ ယနေ့ကျွန်ုပ်တို့လုပ်ဆောင်နေတဲ့ သန္နိဋ္ဌာန်ဟာ မြန်မာနိုင်ငံရဲ့ လက်ရှိ အကျပ်အတည်းကို နားလည်သဘောပေါက်ရန် အခြေခံကျပါတယ်။

ဗိုလ်ချုပ်မှူးကြီးအပါအဝင် ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်ရေး လှုပ်ရှားမှုကို ကြီးကြပ်သူ စစ်ခေါင်းဆောင် အများအပြားဟာ လူမျိုးစုတွေနဲ့ ဘာသာရေး လူနည်းစုတွေ အပေါ် ကျူးလွန်တဲ့ စော်ကားမှုတွေကို ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့ကြတာဖြစ်တယ်။

ထိုစစ်ခေါင်းဆောင်တွေဟာ ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းခဲ့တဲ့ စစ်ခေါင်းဆောင်တွေနဲ့ အတူတူပဲဖြစ်တယ်။ အာဏာသိမ်းပြီးကတည်းက ဗမာစစ်တပ်က တူညီတဲ့ နည်းဗျူဟာ အများအပြားကို အသုံးပြုနေတာ တွေ့ခဲ့ရပြီး သူတို့ စစ်တပ်က ဖိနှိပ်ချုပ်ချယ်တဲ့ အုပ်ချုပ်မှုကို ဆန့်ကျင်စေတယ်လို့ မြင်တဲ့သူမှန်သမျှ ကျောင်းသားဆန္ဒပြသူတွေ၊ ဒီမိုကရေစီရေးလှုပ်ရှားသူတွေ၊ သပိတ်မှောက် အလုပ်သမား၊ သတင်းထောက်၊ ကျန်းမာရေးဝန်ထမ်း အပါအဝင် ဆန္ဒဖော်ထုတ်သူပြည်သူပြည်သား မှန်သမျှကို ပစ်မှတ်ထားနေတာ တွေ့ရတယ်။

**အသက်(၂၂)နှစ်အရွယ် မသဥ္ဇာဟိန်းဟာ ဆန္ဒပြစဉ် ဒဏ်ရာရရှိသူတွေကို ဆေးကုသပေးဖို့အတွက် ဆန္ဒပြပွဲကို သွားရောက်ခဲ့တဲ့ သူနာပြုကျောင်းသူတစ်ဦးဖြစ်တယ်။ သူမဟာ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ မုံရွာမြို့ ဆန္ဒပြပွဲမှာ ဒဏ်ရာရသူ သုံးဦးကို ကုသပေးနေစဉ် စစ်သားတွေက ချဉ်းကပ်လာပြီး ဦးခေါင်းကို သေနတ်နဲ့ ပစ်သတ်ခဲ့တာဖြစ်တယ်။**

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ တပ်မတော်ဟာ ကယားပြည်နယ်မှာ အမျိုးသမီး၊ ကလေးတွေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားနှစ်ဦး အပါအဝင် အနည်းဆုံး လူ (၃၅) ဦးကို သတ်ဖြတ်ခဲ့ပြီး အလောင်းတွေကို မီးရှို့ခဲ့တယ်။ အလောင်းတွေကို စစ်ဆေးခဲ့တဲ့ ဆရာဝန်တစ်ဦးရဲ့ ပြောကြားချက်အရ သေဆုံးသူတိုင်းရဲ့ ဦးခေါင်းခွံတွေမှာ ကျိုးကြေနေကြောင်း သိရတယ်။

စစ်တပ်ဟာ အာဏာသိမ်းပြီးကတည်းက အမျိုးသား၊ အမျိုးသမီးနဲ့ ကလေး (၁,၆၇၀) ကျော်ကို သတ်ဖြတ်ခဲ့ပြီး နောက်ထပ် (၁၂,၈၀၀) ထက်မနည်းကို မတရားဖမ်းဆီး ထိန်းသိမ်းထားခဲ့ပါတယ်။

အဆိုပါ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ ဆင်တူမှုတွေဟာ ဒီပြတိုက်နဲ့ သမိုင်းရဲ့ အခြေခံအမှန်တရားကို ပေါ်လွင်စေသလို လူတစ်စုအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်သူတွေဟာ အခြားတစ်ခုကို လျင်မြန်စွာကျူးလွန်ဖို့ ဝန်မလေးဘူးဆိုတာ မီးမောင်းထိုးပြနေပါတယ်။ ဒီပြတိုက်ရဲ့ နံရံတွေပေါ်မှာ Martin Niemoller ရဲ့ လူသိများတဲ့ ကဗျာရဲ့ သတိပေးချက်ကတော့ ကျွန်တော်တို့တော်တော်များများ သိကြတဲ့အတိုင်း "ပထမဦးစွာ သူတို့သည် ဆိုရှယ်လစ်များအတွက် လာသောကြောင့် ငါသည်မပြောဘဲ နှုတ်ဆိတ်နေရင်း... "

အာဏာသိမ်းမှု မတိုင်ခင်က မသိနားမလည်တဲ့ သူတွေအတွက်တော့ ယခုနောက်ဆက်တွဲ ဖြစ်ပေါ်လာတဲ့ မြန်မာစစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ကြုံလာပြီးနောက်မှာ မြန်မာစစ်တပ်ဟာ မည်သူ့ကိုမဆို ရက်စက်ဖို့ဝန်မလေးဘူးဆိုတာ သိလာကြပြီဖြစ်ပါတယ်။ ၎င်းတို့ရဲ့ အုပ်ချုပ်မှုအောက်မှာ မည်သူတစ်ဦးတစ်ယောက်မျှ မလွတ်ကင်းနိုင်၊ မအေးချမ်းနိုင်ပါ။ ဒါကြောင့် ဒီအကျပ်အတည်းကို အဆုံးသတ်ဖို့၊ ဒီမိုကရေစီ လမ်းကြောင်းကို ပြန်လည်ထူထောင်ဖို့၊ ရိုဟင်ဂျာ အပါအဝင် နိုင်ငံတွင်းက လူသားအားလုံးရဲ့ လူ့အခွင့်အရေးကို အာမခံချက်အပြည့်နဲ့ ပြန်လည်စတင်နိုင်ဖို့ လိုအပ်လာတယ်ဆိုတာကို မြန်မာနိုင်ငံက လူတွေ ပိုမိုနားလည်လာကြပါပြီ။

အမေရိကန်ပြည်ထောင်စုအနေနဲ့ အမှန်တရားနဲ့ တာဝန်ခံမှုကိုတစိုက်မတ်မတ် ရှေးရှုပြီး အလားတူ အမှုတွေကို ယနေ့တိုင် ဆက်လက်လုပ်ဆောင် ဖြေရှင်းနေတာဖြစ်ပါတယ်။ ယင်း အာဏာ အလွဲသုံးစားမှုတွေ ဖြစ်ပွားပြီးချိန်ကစပြီး အချိန်ကြာလာတာနဲ့အမျှ ဒီတာဝန်ကို မလျှော့စေပါဘူး။ တစ်ခုခုဆိုရင် ကျွန်တော်တို့ရဲ့ ဖြေရှင်းကိုင်တွယ်မှုကို အလျင်အမြန်လုပ်ဆောင်ကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်ကို ကျွန်ုပ်တို့ အခိုင်အမာ ထောက်ခံထားပြီး မြန်မာနိုင်ငံအတွက် အပြင်းထန်ဆုံး နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားတွေကို စုဆောင်း၊ ထိန်းသိမ်း၊ ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ၎င်းရဲ့ ဆက်ခံသူဖြစ်တဲ့ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးယန္တရားအတွက် မြန်မာနိုင်ငံအတွက် အလားတူလုပ်ဆောင်နေပါတယ်။ ကျွန်ုပ်တို့ဟာ သတင်းအချက်အလက်တွေ၊ အရင်းအမြစ်တွေ အပါအဝင် ကျယ်ပြန့်တဲ့ ပံ့ပိုးကူညီမှုတွေကို ပေးနေပါတယ်။ ပြီးတော့ ဒီနေ့၊ ထပ်လောင်းရန်ပုံငွေအတွက် ဒေါ်လာတစ်သန်းကိုလည်း ပံ့ပိုးပေးကြောင်း ကြေညာလိုက်ပါတယ်။

ရိုဟင်ဂျာတွေအပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေအတွက် နိုင်ငံတကာတရားရုံးမှာ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်အရ မြန်မာနိုင်ငံကို တရားစွဲဆိုထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဂမ်ဘီယာနိုင်ငံနဲ့လည်း အချက်အလက်တွေကို မျှဝေထားပါတယ်။

အနာဂတ် တာဝန်ခံမှုအတွက် အုတ်မြစ်ချပြီးသော်လည်းပဲ တပ်မတော်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ရပ်တန့်ဖို့၊ မတရား ဖမ်းဆီးထားတဲ့ သူတွေအားလုံးကို လွှတ်ပေးဖို့၊

တိုင်းပြည်ကို ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်ရောက်အောင် ကြိုးပမ်းနေတဲ့ မြန်မာပြည်သူ လူထုကို ထောက်ခံအားပေးဖို့လည်း လုပ်ဆောင်နေပါတယ်။

မဟာမိတ်နိုင်ငံတွေနဲ့အတူ၊ ကျွန်တော်တို့ဟာဆိုရင် ဒီရက်စက်ယုတ်မာမှုတွေအတွက် တာဝန်အရှိဆုံး ခေါင်းဆောင်တွေကို သိသာထင်ရှားတဲ့ ပေးဆပ်မှုတွေကို ချမှတ်လျက်ရှိပါ တယ်။ ထိပ်တန်းစစ်တပ်အကြီးအကဲတွေ၊ အကြီးတန်းအရာရှိတွေနဲ့ ၎င်းတို့ရဲ့မိသားစုဝင်တွေ အပါအဝင် လူ (၆၅) ဦးကို ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုတွေ ချမှတ်ထားပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပါဝင်ပတ်သက်နေတဲ့ သို့မဟုတ် စစ်တပ်နဲ့ ၎င်းရဲ့ ခေါင်းဆောင် တွေအတွက် ဝင်ငွေရရှိတဲ့ အဖွဲ့အစည်း (၂၆) ခုအပေါ် ပိတ်ဆို့အရေးယူမှုတွေ၊ ပို့ကုန် ထိန်းချုပ်မှုတွေကို ကျွန်တော်တို့ ကျင့်သုံးခဲ့ပါတယ်။ ပြီးတော့ မြန်မာပြည်ရဲ့ ပြည်ပက အရန် အရင်းအမြစ်တွေကို စစ်အစိုးရက လုယူလို့မရနိုင်အောင် တားဆီးထားပါတယ်။

၂၀၂၁ ခုနှစ်၊ ဇွန်လမှာ မြန်မာနိုင်ငံတွင်းသို့ လက်နက်စီးဆင်းမှုကို ရပ်တန့်ရန် အဖွဲ့ဝင် နိုင်ငံတွေကို တောင်းဆိုတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ နိုင်ငံပေါင်း (၁၁၉) နိုင်ငံက ထောက်ခံခဲ့ပြီး တစ်နိုင်ငံတည်းက ဆန့်ကျင်မဲ ပေးခဲ့တယ်။ နောက်ပြီးတော့ ဇန်နဝါရီလမှာ မြန်မာစစ်တပ်ကို လက်နက်၊ ပစ္စည်းနဲ့ နည်းပညာ အကူအညီတွေ အားလုံးကို ရပ်ဆိုင်းပေးဖို့ တောင်းဆိုတဲ့ နိုင်ငံပေါင်း (၃၅) နိုင်ငံနဲ့ ကျွန်တော်တို့ ပူးပေါင်းခဲ့ပါတယ်။ ဖိအားတွေကို ထိန်းထားရန် အစိုးရတွေအားလုံးမှာ တာဝန်ရှိတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ ပြီးခဲ့တဲ့လက ထုတ်ပြန်တဲ့ အစီရင်ခံစာ မှာ တရုတ်၊ ရုရှားနဲ့ ဆားဘီးယားနိုင်ငံတို့သည် အာဏာသိမ်းပြီးကတည်းက အရပ်သားတွေ အပေါ် အသုံးပြုတဲ့ လက်နက်တွေကို စစ်အစိုးရကို ဆက်လက် ထောက်ပံ့ပေးနေကြောင်း တွေ့ရှိရတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေနဲ့ မိတ်ဖက်တွေဖြစ်တဲ့ အာရှ၊ ဥရောပ တစ်ဝိုက်၊ G7၊ ကုလသမဂ္ဂ၊ အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာရှရှိ မိတ်ဖက်တွေနဲ့ နီးကပ်စွာ ပူးပေါင်းပြီး စစ်အစိုးရ အင်မတန်လိုချင်နေတဲ့ နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံမှု ကို ငြင်းပယ်ရန်လုပ်ဆောင်နေပါတယ်။

စစ်အစိုးရရဲ့ အကြမ်းဖက်မှု အဆုံးသတ်ရေး အာဆီယံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ထောက်ခံပြီး အချက်ငါးချက်ပါ သဘောတူညီမှုနဲ့ အကျပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်း

နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အာဆီယံရဲ့ ပထမဆုံး မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့တဲ့ အာဆီယံ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn ရဲ့ လုပ်ဆောင်မှုကိုလည်း ကျေးဇူးတင်ပါတယ်။ သံတမန်အဖြစ်လာရောက်တဲ့ နိုင်ငံခြားရေးဝန်ကြီးရဲ့ အတွေ့အကြုံနဲ့ လူမျိုးတုံးသတ်ဖြတ်မှုကို ကြုံကြုံခံနေရတဲ့ နိုင်ငံတော်အတွက် လတ်တလောပြဿနာတွေအတွက် အရေးကြီးတဲ့ အမြင်ကို ပေးခဲ့နိုင်တာဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုဟာ ရိုဟင်ဂျာတွေရဲ့ လတ်တလော လူသားချင်းစာနာမှု လိုအပ်ချက်တွေနဲ့ ၎င်းတို့ရဲ့ နှိပ်စက်ညှဉ်းပန်းမှုဒဏ်ခံရတဲ့ အားလုံးကို ဖြည့်ဆည်းပေးဖို့အတွက် သိသိသာသာ ပံ့ပိုးကူညီလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်က စတင်ပြီး အမိုးအကာနဲ့ ပညာရေး၊ စိတ်ဒဏ်ရာ ခံစားခဲ့ရသူတွေအတွက် အထူးပြု စိတ်ကျန်းမာရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုစတဲ့ အရာအားလုံးအတွက် အမေရိကန်ဒေါ်လာ (၁.၆) ဘီလီယံနီးပါး ထောက်ပံ့ပေးခဲ့တာဖြစ်တယ်။

ရိုဟင်ဂျာဒုက္ခသည်ပေါင်း (၉၀၀,၀၀၀) ကျော်ကို လက်ခံပေးရာမှာ ဘင်္ဂလားဒေ့ရှ်ရဲ့ ထူးခြားတဲ့ ရက်ရောမှုကို အသိအမှတ်ပြုလိုပါတယ်။ ရိုဟင်ဂျာ သိန်းနဲ့ချီကို ကာကွယ်ဆေးထိုးဖို့ သူ့ရဲ့ အမျိုးသား COVID-19 ကာကွယ်ဆေးထိုးလှုံ့ဆော်မှုရဲ့ တစိတ်တပိုင်းအနေနဲ့ ကြိုးပမ်းခဲ့တာကိုလည်း အသိအမှတ်ပြုပါတယ်။

လူမျိုးတုံးသတ်ဖြတ်မှုလမ်းကြောင်းအကြောင်း ဒီနေ့ ပြောပြီးပြီ။ ဒါပေမယ့် လူမျိုးတုံးသတ်ဖြတ်မှုကနေ လွတ်မြောက်ရေးလမ်းကြောင်းအကြောင်း တစ်ခုခုပြောပါရစေ။

ယနေ့ ဆုံးဖြတ်ချက်ဟာ ရိုဟင်ဂျာတွေနဲ့ အထူးသဖြင့် ခံရသူသားကောင်တွေကို ၎င်းတို့အပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ အတိမ်အနက်ကို အမေရိကန် အစိုးရက အသိအမှတ်ပြုကြောင်း ပြောတဲ့အတိုင်း ယနေ့ ဆုံးဖြတ်ချက်ဟာ ထိုလမ်းကြောင်း ပေါ်မှာ ခြေတစ်လှမ်းသာ ရှိသေးတယ်။ ရိုဟင်ဂျာတွေရဲ့ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို မြန်မာစစ်တပ်က ဖျက်စီးဖို့ ကြိုးစားခဲ့တာကို ထပ်လောင်း အတည်ပြုပါတယ်။

အာဏာသိမ်းပြီးနောက် ရိုဟင်ဂျာတွေရဲ့ လူ့အခွင့်အရေးနဲ့ လူမျိုးစုနဲ့ ဘာသာရေး လူနည်းစုအားလုံးရဲ့ လူ့အခွင့်အရေးကို လေးစားကြောင်း “အမျိုးသားညီညွတ်ရေးအစိုးရ (NUG)” က အရေးကြီးတဲ့ ကတိကဝတ်တွေနဲ့အတူ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရိုဟင်ဂျာတွေနဲ့ စည်းလုံးညီညွတ်မှု တိုးလာတာကိုလည်း ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။

လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ရေးလမ်းကြောင်းသည်လည်း တရားမျှတမှု ပေါ်မှာ မသွေဖြတ်လျှောက်ရမှာဖြစ်တယ်။ ယနေ့ တရားမျှတမှုမှာ ခဲယဉ်းနေတယ်ဟု ခံစားရသော်လည်း ဤနေရာ ဤအခန်းကို လှည့်ပတ်ကြည့်ရှုခြင်းအားဖြင့် မြန်မာစစ်တပ်ရဲ့ ဆယ်စုနှစ်များစွာ ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို အဆုံးသတ်ပေးဖို့အတွက် ကျွန်တော်တို့အားလုံး သန္နိဋ္ဌာန်ချထားတယ်ဆိုတာကို သိရှိနားလည်စေရန်ဖြစ်တယ်ဆိုတာ ခံစားသိနိုင်မှာပါ။ ပြီးတော့ ကျွန်တော်တို့လိုလူတွေက အများကြီးပါပဲ။

သူတို့ရဲ့ လူ့အသိုက်အဝန်းရဲ့ အခွင့်အရေးတွေကို ခုခံကာကွယ်ဖို့ သူတို့ရဲ့ အသက်ကို မြှုပ်နှံထားတဲ့ ရိုဟင်ဂျာ တက်ကြွလှုပ်ရှားသူတွေ၊ သူတို့ထဲက အများစုဟာ ဒီနေ့ဒီမှာ ရှိနေကြပါတယ်။ ပြီးတော့ ကျွန်တော်တို့နဲ့အတူရှိနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ပြည်တွင်းပြည်ပ လူ့အခွင့်အရေးအဖွဲ့အစည်းတွေဟာ ရိုဟင်ဂျာတွေနဲ့ မြန်မာနိုင်ငံရှိ အခြား လူမျိုးရေး၊ ဘာသာရေးအဖွဲ့တွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေကို နှစ်ပေါင်းများစွာ မှတ်တမ်းတင်ထားခဲ့ကြပါတယ်။

ရိုဟင်ဂျာတွေအပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ရှုတ်ချတဲ့အနေနဲ့ နှစ်ဘက်နှစ်နိုင်ငံ ခေါင်းဆောင်မှုကို ဆက်လုပ်နေတဲ့ အမေရိကန် ကွန်ဂရက်လွှတ်တော် အဖွဲ့ဝင်တွေက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပေးအပ်ပြီး မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီ လိုလားချက်တွေကို ထောက်ခံအားပေးခဲ့ကြပါတယ်။

ရိုဟင်ဂျာထဲမှ အသက်ရှင်ကျန်ရစ်သူတွေဟာ သူတို့ရဲ့ အဖြစ်အပျက်တွေကို မျှဝေဖို့၊ သူတို့ တွေ့ကြုံခဲ့ရတဲ့ မှတ်တမ်းတွေကို တင်ပြဖို့ ဆန္ဒရှိကြတဲ့ ရဲရင့်တဲ့ ရိုဟင်ဂျာတွေဆိုတာ သေချာပါတယ်။

အမှုတွဲတွေ တစ်နေ့ထက်တစ်နေ့ များလာပါတယ်။ မြန်မာနိုင်ငံအတွက် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးယန္တရားမှ သက်သေထွက်ဆိုချက်တွေ၊ စာရွက်စာတမ်းတွေ၊ မက်ဆေ့ချ်တွေ၊ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ၊ ပထဝီဝင်ဆိုင်ရာပုံရိပ်တွေ၊ ဆိုရှယ်မီဒီယာစာမျက်နှာတွေအပါအဝင် အထောက်အထားနဲ့ အချက်အလက်ပေါင်း (၁.၅) သန်းကျော်ကို စုဆောင်းထားရှိပါတယ်။

နိုင်ငံတကာ တရားစီရင်ရေး တရားရုံးမှာသာမက နိုင်ငံတကာ ရာဇဝတ်ခုံရုံးနဲ့ အာဂျင်တီးနားပြည်တွင်း တရားရုံးတွေကတစ်ဆင့်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ တရား

စီရင်ရေးဆိုင်ရာ တရားရုံးတွေက တစ်ဆင့်သော်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

ဒီကြောက်မက်ဖွယ်ရာကောင်းတဲ့ လုပ်ရပ်တွေအတွက် တာဝန်ရှိတဲ့သူတွေက အဖြေပေးရမယ့်နေ့ကို ရောက်လာပါလိမ့်မယ်။

အဆုံးစွန်အားဖြင့် လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ရေးလမ်းကြောင်းဟာ မွေးရပ်မြေ နေအိမ်သို့ ပို့ဆောင်ပေးမယ့်လမ်းကြောင်းဆိုလည်း မှန်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဒေသတွင်းမှာ ထောင်နဲ့ချီတဲ့ ရိုဟင်ဂျာ ဒုက္ခသည်တွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေအပေါ် အခြေခံပြီး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ၎င်းတို့ မပိုင်ကြောင်း ဆယ်စုနှစ်များစွာတိုင်တိုင် ကြုံကြုံခံ ခံနေကြရသော်လည်း ရိုဟင်ဂျာ ဒုက္ခသည် သုံးဦးအနက် နှစ်ဦးမှာ တစ်နေ့မှာ မြန်မာနိုင်ငံသို့ ဂုဏ်သိက္ခာရှိစွာ၊ လုံခြုံစိတ်ချစွာ နေရပ်ပြန်လိုကြောင်း သိရှိရပါတယ်။ လူ့အခွင့်အရေးအရ အခုတော့ မဖြစ်နိုင်သေးပါဘူး။

ထို့ကြောင့် ယနေ့သန္နိဋ္ဌာန်ဖြင့် လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ရေး လမ်းကြောင်းပေါ်မှာ ရိုဟင်ဂျာတွေနဲ့အတူ လိုက်ပါရန် ပိုမိုကျယ်ပြန့်တဲ့ ကတိကဝတ်ကို အမေရိကန်ပြည်ထောင်စုက ထပ်မံအတည်ပြုကြောင်း၊ ၎င်းတို့ရဲ့ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို ကျန်တဲ့ မြန်မာလူမျိုးတွေနဲ့အတူ တန်းတူလေးစားခံရမဲ့ အိမ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်မယ်လို့ ထပ်လောင်း အတည်ပြုလိုက်ပါတယ်။

ကျေးဇူးအများကြီး တင်ပါတယ်။

Source: https://youtu.be/tmC__p36J_8

*(အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုပါသည်)*